**ISP** Situation Brief 2026

SB2026-01 | June 23, 2026

# ကျောင်းဖွင့်ချိန်

## ကျောင်းပရဝဏ်ကို စွန့်ခွာရသူ ၆ ဒသမ ၃ သန်းကျော်ရှိနေ

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းဖွင့်ချိန်၌ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပရဝဏ်ကိုစွန့်ခွာပြီး အခြေခံပညာသင်ယူခွင့်ဆုံးရှုံးနေသူ ၆ ဒသမ ၃ သန်းကျော် ရှိနေဆဲဖြစ်သည်။ မြန်မာ့ပညာရေးသည် အဆင့်မီပညာရေးကို မမျှော်မှန်းနိုင်သည့်အပြင် အခြေခံပညာရေးလက်လှမ်းမီမှုမှာပင် အကျပ်အတည်းဖြစ်နေပါသည်။

**ISP** Situation Brief 2026

ISSUE NO. SB2026-01


# ကျောင်းဖွင့်ချိန် ကျောင်းပရဝဏ်ကို စွန့်ခွာရသူ ၆ ဒသမ ၃ သန်းကျော်ရှိနေ

အာဏာသိမ်းမှုအလွန် မြန်မာ့ပဋိပက္ခအကြား ကျောင်းနေအရွယ်ကလေးတွေရဲ့ အခြေခံပညာ သင်ယူခွင့်ဟာ အကျပ်အတည်းဖြစ်နေတုန်းပါပဲ။ အခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာ အခြေခံပညာကျောင်းအပ်နှံသူဦးရေ ၆ ဒသမ ၇ သန်းပဲ ရှိခဲ့ပါတယ်။ မနှစ်ကထက် ခြောက်သိန်းဝန်းကျင်ပဲ တိုးခဲ့ပါတယ် **[ISP ဒေတာအချက်အလက် ၄၈/၂၀၂၆ (ISP-DM2026-048) ကိုရှုပါ]**။ ၂၀၁၉ ခုနှစ်နဲ့ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းပါ အချက်အလက်တွေနဲ့ ခန့်မှန်းတွက်ချက်ရင် အခြေခံပညာသင်ယူရမယ့် ကျောင်းနေအရွယ်ဦးရေဟာ ၁၃ သန်းဝန်းကျင် ရှိရပါလိမ့်မယ်။ ဒါကြောင့် ပညာသင်နှစ် တနှစ်တည်းမှာတင် အခြေခံပညာသင်ယူခွင့် ဆုံးရှုံးသူ ၆ ဒသမ ၃ သန်းကျော် ရှိခဲ့ပါတယ်။ အဆင့်မြင့်ပညာသင်ယူနိုင်ဖို့ အရေးကြီးတဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသူဦးရေကလည်း ၂၀၂၀ ပြည့်နှစ်မှာ ကိုးသိန်းကျော်ရှိခဲ့ပေမဲ့ အခု ၂၀၂၆ ခုနှစ်မှာတော့ နှစ်သိန်းခွဲဝန်းကျင်ပဲ ရှိပါတော့တယ်။

အခု ၂၀၂၆ ခုနှစ် ပညာသင်နှစ်ကစလို့ အစိုးရကျောင်းတွေမှာ အတန်းဝင်ခွင့်စာမေးပွဲ (placement test) တွေကို အသက်ကန့်သတ်ချက်နဲ့ လုပ်လာပါတယ်။ ဒါပေမဲ့ အသက် ၁၅ နှစ်အထိပဲ ကန့်သတ်ထားပြီး မူလတန်းနဲ့ အလယ်တန်းကို အဓိကရည်ရွယ်ထားတာကြောင့် အထက်တန်းအရွယ် ကျောင်းပြန်တက်ချင်သူတွေမှာ အကျပ်ဆိုက်နေရပါတယ်။ ဒါ့အပြင် စစ်ဘေးရှောင်ရင်း တခြားဒေသကိုရောက်လာတဲ့ ကျောင်းသူ/ကျောင်းသားတွေဆိုရင် ကျောင်းထွက်လက်မှတ်မရှိတာ၊ ကျောင်းပြောင်းလက်မှတ် ထုတ်မရနိုင်တာတွေကြောင့် ကျောင်းမအပ်နိုင်ဘဲ အခက်အခဲဖြစ်နေကြရပါတယ်။ ကုန်ဈေးနှုန်းကြီးပြီး ဝင်ငွေနည်းပါးတာတွေကြောင့် လက်လုပ်လက်စား မိသားစုတွေဆိုရင် ဗလာစာအုပ်နဲ့ ခဲတံဝယ်ဖို့တောင် မတတ်နိုင်ပါဘူး။ တဖက်မှာလည်း ဦးမင်းအောင်လှိုင်အစိုးရဟာ ပညာရေးကဏ္ဍအတွက် ဘတ်ဂျက်ပိုသုံးမယ်လို့ ပြောထားပါတယ်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ နိုင်ငံတော်ဘတ်ဂျက်ရဲ့ ၆ ဒသမ ၀၃ ရာခိုင်နှုန်းကို ပညာရေးကဏ္ဍအတွက်သုံးခဲ့ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှာ ၆ ဒသမ ၉၂ ရာခိုင်နှုန်း သုံးမယ်လို့ ဆိုပါတယ်။ လာမယ့်ဘဏ္ဍာနှစ်မှာတော့ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးသုံးပြီး သူတာဝန်ယူမယ့် ငါးနှစ်အတွင်း ၂၀ ရာခိုင်နှုန်းအထိ ရောက်အောင် တိုးသွားမယ်လို့လည်း ဆိုထားပါတယ်။ ဒါပေမဲ့ ပညာရေးကဏ္ဍအတွက် လက်ရှိသုံးစွဲမှုဟာ ၂၀၂၀-၂၀၂၁ ခုနှစ်မှာ သုံးစွဲခဲ့တဲ့ ၈ ဒသမ ၀၇ ရာခိုင်နှုန်းကိုတောင် ပြန်မရောက်သေးတာ သတိပြုစရာပါပဲ။

# အခြေခံပညာသင်ယူခွင့်ဆုံးရှုံးနေသူ ၆ ဒသမ ၃ သန်းကျော်ရှိနေ

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် **အခြေခံပညာကျောင်းအပ်နှံသူဦးရေ ၆ ဒသမ ၇ သန်း**ရှိသည်။ ယခင်နှစ်ကထက် ကျောင်းအပ်သူ ခြောက်သိန်းဝန်းကျင် တိုးလာခဲ့သော်လည်း များပြားသည့်ပမာဏမဟုတ်ပေ။ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များအရ အခြေခံပညာသင်ယူရမည့် ကျောင်းနေအရွယ်ဦးရေသည် **၁၃ သန်းဝန်းကျင်**ရှိရမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းပရဝဏ်ကို အကြောင်းအမျိုးမျိုးဖြင့် စွန့်ခွာနေရသဖြင့် အခြေခံပညာသင်ယူခွင့်ဆုံးရှုံးနေရသူ **၆ ဒသမ ၃ သန်းကျော်** ရှိနေပါသည်။ ထိုပမာဏသည် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တခုတည်းအတွက်သာဖြစ်ပြီး အာဏာသိမ်းမှုအလွန် ငါးနှစ်တာကာလအတွင်း အခြေခံပညာသင်ယူခွင့် ဆုံးရှုံးသူအရေအတွက်မှာ ယခုထက် ပိုမိုများပြားနိုင်ပါသည်။




**ဒေတာအချက်အလက် - ၂၀၂၆ ခုနှစ် ဇွန် ၁၈ ရက်အထိ။** ISP-Myanmar ၏ လူမှုစီးပွားသုတေသနပြု လေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

ပဋိပက္ခမှာပါဝင်နေတဲ့ အဖွဲ့အသီးသီးကလည်း အစားထိုးပညာရေးအတွက် နည်းပေါင်းစုံနဲ့ ကြိုးပမ်းနေကြပါတယ်။ ဒါပေမဲ့ စစ်ရေးအခြေအနေ၊ အခြေခံအဆောက်အအုံလိုအပ်ချက် စတာတွေကြောင့် အကန့်အသတ်တွေရှိနေပြီး အင်တိုက်အားတိုက် မလုပ်နိုင်ပါဘူး။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ရဲ့ ကြားကာလ ပညာရေးအစီအမံတွေကလည်း ကလေးတိုင်း လက်လှမ်းမီနိုင်တဲ့အခြေအနေ မဟုတ်ပါဘူး။ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် ကျောင်းသူ/ကျောင်းသား ၇၂၇,၈၆၀ ဦးကို မြေပြင်ကျောင်းတွေမှာ ပညာသင်ပေးနေကြောင်း NUG က ဆိုထားပါတယ်။ ဒါပေမဲ့ ဒီ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက်တော့ မသိရသေးပါဘူး။ တအာင်းပြည် ပညာရေးကောင်စီ (TLEC) ရဲ့ထုတ်ပြန်ချက်တွေမှာတော့ ၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်မှာ ကျောင်းသူ/ကျောင်းသား ၇၀,၀၀၀ နီးပါးကို ပညာသင်ပေးခဲ့တယ်လို့ ဆိုပါတယ်။ မြန်မာစစ်တပ်က မြို့တွေပြန်သိမ်းတာ၊ လေကြောင်းတိုက်ခိုက်တာတွေကြောင့် ၂၀၂၆-၂၀၂၇ ခုနှစ် ပညာသင်နှစ်မှာတော့ စာသင်ကျောင်း ၂၀၀ ဝန်းကျင် ပိတ်လိုက်ရသလို ကျောင်းအပ်နှံတဲ့အရေအတွက်ကလည်း ၅၀,၀၀၀ ဝန်းကျင်ပဲ ရှိပါတော့တယ် [**ISP ဒေတာအချက်အလက် ၄၉/၂၀၂၆ (ISP-DM2026-049)ကိုရှုပါ**]။

မြန်မာ့ပညာရေးဟာ အာဏာမသိမ်းခင်ကာလကလို ပြန်ဖြစ်ဖို့ ခက်နေဦးမှာပါ။ စီးပွားရေးအဆင်မပြေလို့ အိမ်ကိုကူဖို့ ကျောင်းကိုစွန့်ခွာရသူ၊ ကျောင်းစရိတ်မတတ်နိုင်လို့ ကျောင်းကိုစွန့်ခွာရသူ၊ စစ်ဘေးပဋိပက္ခကြောင့် ကျောင်းကိုစွန့်ခွာရသူ၊ နိုင်ငံခြားထွက်အလုပ်လုပ်ဖို့ ကျောင်းကိုစွန့်ခွာရသူ စသည်ဖြင့်လည်း အများအပြားရှိနေပါတယ်။ ‘အဆင့်မီတဲ့ပညာရေးစနစ်ကို ဆောင်ရွက်ရာမှာ ရုပ်ပိုင်းဆိုင်ရာတွေ စနစ်တကျဖြစ်ဖို့လိုအပ်သလို သင်ကြားရေးပိုင်းကိုလည်း စနစ်တကျနဲ့ ထိထိရောက်ရောက် သင်ကြားပေးနိုင်ဖို့လိုတယ်’လို့ ဦးမင်းအောင်လှိုင်က ဇွန် ၉ ရက်မှာ လုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှာပြောခဲ့ပါတယ်။ အပြောသာရှိပြီး ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအတွက် ခိုင်မာတဲ့အစီအမံတွေတော့ မမြင်ရသေးပါဘူး။ မြန်မာ့ပညာရေးက အဆင့်မီပညာရေး (quality education) ကို မမျှော်မှန်းနိုင်တဲ့အပြင် အခြေခံပညာရေးလက်လှမ်းမီမှု (access to basic education) မှာတင် အကျပ်အတည်းဖြစ်နေပါတယ်။ ■

# အစားထိုးပညာရေးအတွက် အဖွဲ့အသီးသီး၏ လုပ်ဆောင်နေမှုအခြေအနေ

ပဋိပက္ခဒဏ်ခံနေရသော ဒေသများတွင် အဖွဲ့အသီးသီးက အစားထိုးပညာရေးအတွက် နည်းပေါင်းစုံဖြင့် ကြိုးပမ်းနေသည်။ သို့သော် စစ်ရေးအခြေအနေ၊ အခြေခံအဆောက်အအုံလိုအပ်ချက် စသည်တို့ကြောင့် အကန့်အသတ်များစွာရှိကာ အင်တိုက်အားတိုက်လုပ်ဆောင်ရန် ခက်ခဲနေသည်။ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၏ ထုတ်ပြန်ချက်တွင် မြေပြင်ကျောင်းများ၌ ကျောင်းသူ/ကျောင်းသား ၇၂၇,၈၆၀ ဦးကို ပညာသင်ပေးနေကြောင်းဆိုသည်။

| အဖွဲ့အစည်း | ဌာန | ပညာသင်နှစ် | ကျောင်း | ဆရာ/ဆရာမ | ကျောင်းသူ/ ကျောင်းသား |
|---|---|---|---|---|---|
| အမျိုးသားညီညွတ်ရေး အစိုးရ (NUG) | NUG ပညာရေး ဝန်ကြီးဌာန | ၂၀၂၃-၂၀၂၄ | ၅,၉၄၉ | ၆၁,၆၄၅ | ၇၂၇,၈၆၀ |
| ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) | KIO ပညာရေးဌာန | ၂၀၂၄-၂၀၂၅ | ၄၄၈ | ၂,၆၀၀ | - |
| မွန်ပြည်သစ်ပါတီ (NMSP) | မွန်အမျိုးသားပညာရေး ကော်မတီ (MNEC) | ၂၀၂၅-၂၀၂၆ | ၁၄၆ | ၈၀၀ | - |
| ကရင်အမျိုးသား အစည်းအရုံး (KNU) | ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာန (KECD) | - | ၁,၄၆၇ | ၉,၅၁၂ | ၁၂၃,၃၃၁ |
| ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီ (IEC) | IEC ပညာရေးဌာန | ၂၀၂၅-၂၀၂၆ | ၄၇၀ | ၄,၆၁၉ | ၅၇,၅၈၀ |
| ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF) | တအာင်းပြည်ပညာရေး ကောင်စီ (TLEC) | ၂၀၂၄-၂၀၂၅ | ၆၀၃ | ၃,၄၀၄ | ၆၉,၀၆၄ |
| | | ၂၀၂၆-၂၀၂၇ | ၄၀၀ | - | ၅၀,၀၀၀ |
| မြန်မာအမျိုးသား အမှန်တရားနှင့် တရားမျှတမှုပါတီ (MNTJP) | အထူးဒေသ(၁) မြန်မာပညာရေး ကော်မတီ | ၂၀၂၆-၂၀၂၇ | ၁၅၀ | - | ၁၀,၀၀၀ |

**ဒေတာအချက်အလက် - ၂၀၂၆ ခုနှစ် ဇွန် ၁၈ ရက်အထိ။** ISP-Myanmar ၏ လူမှုစီးပွားသုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ မြေပြင်ကျောင်းဖွင့်လှစ်မှုကိန်းဂဏန်းများဖြစ်ပြီး ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။